dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

Y7"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How to Analyze the Elections?"*

ဖြစ်ပါတယ်။ (နိုဝင်ဘာ ၁၄၊ ၂၀၁၅ ရိုက်ကူးသည်။)

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ရွေးကောက်ပွဲ ရလဒ်တွေအပေါ် ဘယ်လိုဆန်းစစ်ကြည့်ကြမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

အစမှအဆုံးတိုင် (ရွေးကောက်ပွဲနားနီးချိန်မှ ရွေးကောက်ပွဲပြီးဆုံးချိန်) အတက်အကျ စည်းချက်များ နှင့် သန်းပေါင်းများစွာတို့၏ စိတ်ကိုသိမ်းပိုက်ထားနိုင်ခဲ့သည့် ၂၀၁၅ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီးမှာ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြီးဆုံးခဲ့ပြီ ဖြစ်သော်လည်း မဲရေတွက်မှုကာလများထိတိုင် စိတ်ဝင်စားမှု အရှိန်တက်လျက်ရှိနေသေးပေသည်။

နိုဝင်ဘာလ ၁၂ ရက်နေ့ နေ့လည်ပိုင်းအချိန်ထိ ရွေးကောက်ပွဲ ကော်မရှင်၏ ထုတ်ပြန်ချက်များအရ အတိုက်အခံပါတီဖြစ်သည့် NLD အနေနှင့် ယခု ၂၀၁၅ ရွေးကောက်ပွဲတွင် အနိုင်ရနယ်မြေမှာ ဦးဆောင်လျက်ရှိနေသည်။ နိုင်ဝင်ဘာလ ၁၂ ရက်နေ့ နေ့လည်၁၂နာရီအထိ ရွေးကောက်ပွဲ ကော်မရှင်မှ ကြေညာချက်များအရ ပြည်သူ့လွှတ်တော်အတွက် ၁၉၆ နေရာ၊ အမျိုးသားလွှတ်တော်အတွက် ၉၅ နေရာ၊ စုစုပေါင်း၂၉၁ နေရာရရှိထားပြီဖြစ်ကြောင်း နှင့် ဒုတိယ သမ္မတနစ်ဦးကို ရွေးကောက်တင်မြှောက်နိုင်သည့် အခြေအနေတွင် ရှိနေပြီ ဖြစ်ပေသည်။

၂၀၁၅ ရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးနိုင်သည့် ဦးရေ ၃၃ သန်းကျော်ရှိပြီး အဆိုပါ ၃၃ သန်း ကျော် အားလုံးနီးပါးတို့ ပုံအောပေးလိုက်ကြသည်ဟု ဆိုရလောက်သည့် မဲတို့ဖြင့် NLD ပါတီက နေရာအတော်များများတို့တွင် နိုင်ငံရေးလေ့လာသူများ အံ့အားသင့်ဖွယ်အထိ အနိုင်ရနေပြီဖြစ်သည်ကို တွေ့ရှိရပေသည်။ ယင်းအနိုင်က ယခုကျင်းပဆဲ လွှတ်တော်တွင်းမှ လုပ်နိုင်စွမ်းရှိသူတို့၏နေရာတို့ကိုပါ သိမ်းပိုက်ခဲ့သည်။

ယခုလ ၁၁ ရက်နေ့က အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီမှ ဒေါ်အောင်ဆန်းစုကြည်က သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် တို့ကိုတွေ့ဆုံခွင့် တောင်းထားပြီး ကာကွယ်ရေးဦးစီးချုပ်မှလည်း ရွေးကောက်ပွဲအလွန် ကာလတွင် အစိုးရသစ်နှင့်လက်တွဲ၍ အကောင်းဆုံးဖြစ်အောင် မှန်မှန်ကန်ကန် လုပ်ဆောင် ဖြင်းဖြင့် ပြည်သူလူထု၏ ယုံကြည်မှုကို ရရှိမည်ဟူ၍ လည်းပြောကြားခဲ့သည်။

လက်ရှိရွေးကောက်ပွဲအပေါ် အတိုက်အခံနှင့် မဲဆန္ဒရှင်များထံမှ ဝေဖန်နေမှုများ ရှိသကဲ့သို့ ရွေးကောက်ပွဲ ကော်မရှင် ဥက္ကဋ္ဌမှလည်း မဲစာရင်းများ မှန်ကန်တိကျနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်မှုအားနည်းခဲ့ကြောင်းနှင့် နိုင်ငံရေး ပါတီများ ဥပဒေလေ့လာကြရန်လိုကြောင်း ပြန်လည်ပြောကြားမှုများကိုတွေ့ရှိရသည်။ ဒီတစ်ပတ် ဒီဗွီဘီဒီဘိတ်က ရွေးကောက်ပွဲ ကရလာဒ်တွေပေါ် အခြေခံပြီး နိုင်ငံရေးလေ့လာသူပညာရှင်များနဲ့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**သူတို့အမြင်**

"ကျနော်ကတော့ မနေ့ကပဲ ကာတွန်းတစ်ပုဒ်ကို ခေါင်းထဲမှာဆွဲလိုက်ပါတယ်၊ ရွေးကောက်ပွဲကြီးကတော့ ပြီးသွားပါပြီ၊ ပြီးသွားတဲ့အခါကျတော့ နိုင်တဲ့သူကို ဒိုင်လူကြီးက လက်မြှောက်ပေးရမှာ၊ သို့သော်လည်း လက်မြှောက်ပေးနေတဲ့ အနိုင်ကိုပြနေတဲ့ ဒိုင်လူကြီးကတော့ ဒဏ်ရာဒဏ်ချက်တွေအများကြီးနဲ့ ဖူးနေယောင်နေ၊ ပလာစတာတွေ အများကြီး ကပ်ထားတဲ့ ကာတွန်းတစ်ခု ကျနော်ခေါင်းထဲကနေ ထွက်လာပါတယ်၊ ကျနော့်ဘက်ကတော့ အစွမ်းကုန်ကြိုးစားပြီးပါပြီ၊ တချို့ကလည်း ဥပဒေမသိဘဲနဲ့ စိတ်ထင်ရာတွေပြောနေပါလားဆိုပြီးတော့ သူတို့အစားကျနော်သနားတောင် သနားမိပါတယ်"
**ဦးတင်အေး -** ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ

"ဒီတစ်ကြိမ်ကတော့ ကျနော်မြင်တာကတော့ မဲမပေးခင်တုန်းကတော့ သိပ်ပြီးတော့ အခြေအနေကို သုံးသပ်ရတာခက်တယ်။ ဒါပေမယ့် မဲပေးတဲ့နေ့၊ ဒီနေ့ဆိုရင် ဒါ တတိုင်းပြည်လုံး၊ ပြည်သူပြည်သားအားလုံးက တကယ် အသက်ကြီးငယ်မရွေး - မကျန်းမာတဲ့သူတွေ ဆိုလည်း Wheel chair တွေဘာတွေနဲ့ လာပြီးတော့ကို မဲပေးတာတွေရှိတယ်။ ဒါ ကျနော်တို့ နာရေးကူညီမှု အသင်းက လည်း မသန်စွမ်းတဲ့၊ အသက်ကြီးတဲ့အဖိုးအဖွားတွေကို မဲရုံကို ambulance ကားတွေနဲ့ လိုက်ပို့တာ တွေ ဒါတွေ ကျနော်တို့လုပ်ပါတယ်။ ဒီနှစ်ကတော့ ပိုပြီးတော့ ပြည်သူပြည်သား အားလုံးက တက်တက်ကြွကြွနဲ့တခဲနက် ဆန္ဒပြုကြတာကို ကျနော်တွေ့တယ်။"
**ဦးကျော်သူ** - နာရေးကူညီမှုအသင်းဥက္ကဋ္ဌ

"သမ္မတကိစ္စနဲ့ ပတ်သက်ပြီး ပြောရရင် ဆုံးဖြတ်ချက်တွေ အားလုံးကို ကျွန်မကပဲ ချမှာပါ။ ဘာလို့လဲဆိုတော့ ကျွန်မက ရွေးကောက်ပွဲမှာ နိုင်ခဲ့တဲ့ ပါတီရဲ့ ခေါင်းဆောင်မို့လို့ပါပဲ။ သမ္မတဆိုတာ က အခြေခံဥပဒေရဲ့ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင်သာ ကျွန်မတို့ကရွေးချယ်တဲ့သူ တစ်ဦး ဖြစ်ပါတယ်။"
**ဒေါ်အောင်ဆန်းစုကြည်** - အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ဥက္ကဋ္ဌ

***Information links:***

www.rfa.org/burmese/news/

**www.burmese.voanews.com**

www.thevoicemyanmar.com

**www.Burmese.dvb.no**

**https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA**